## ပျောက်ဆုံးနေသော မိသားစုဝင်တစ်ဦးကို ရှာဖွေလိုပါက



**အဆင့် (၁)**

- သင်၏ မိသားစုဝင်တစ်ဦးပျောက်ဆုံးခဲ့လျှင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ် (သို့မဟုတ်) နီးစပ်ရာ မြို့နယ်ကြက်ခြေနီအသင်းခွဲ များသို့ အမြန်ဆုံးဆက်သွယ်ပါ။

**အဆင့် (၂)**

- သင်ပေးသော အချက်အလက်များပြည့်စုံပြီး စံသတ်မှတ်ချက်နှင့် ကိုက်ညီပါက သင့်လျော်သည့် ဝန်ဆောင်မှုအမျိုးအစားများ ရွေးချယ် ဆောင်ရွက်ပေးပါမည်။

**အဆင့် (၃)**

- သင့်မိသားစုဝင်ရောက်ရှိနေသည့် နေရာရှိ ကြက်ခြေနီနှင့်လခြမ်းနီ အသင်း များနှင့် ဆက်သွယ်ကူညီဆောင်ရွက်ပေးပါမည်။

**အဆင့် (၄)**

- သင့်မိသားစုဝင်၏ သတင်းအချက်အလက်များကို အတတ်နိုင်ဆုံး ဆောလျှင်စွာ ပြန်လည်ပေးပို့ပါမည်။

မိသားစု
ပြန်လည်ဆက်သွယ်ပေးရေး



လူပျောက်ရှာဖွေခြင်း




## ဆက်သွယ်ရန်လိပ်စာ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊
မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန
အမှတ်(၄၂)၊ ဒုတိယထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ရုံးဖုန်း - 01 383 684 လိုင်းခွဲ(၀)
Hot Line - 09 - 957 557 000
Email - rfl@redcross.org.mm
Web - https://www.redcross.org.mm
Facebook - https://www.facebook.com/info.mrcs


(သို့မဟုတ်) နီးစပ်ရာမြို့နယ်ကြက်ခြေနီအသင်းခွဲများသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**Everywhere** *for* **everyone.**

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

"လူတိုင်းအတွက် အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ"



မိသားစု
ပြန်လည်ဆက်သွယ်ပေးရေး

ပျောက်ဆုံးနေသောမိသားစုဝင်တစ်ဦးကိုရှာဖွေစုံစမ်းနေပါသလား
**Hot Line 09 - 957 557 000** သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**Everywhere**
*for* **everyone.**

"လူတိုင်းအတွက် အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ"



## မိသားစုပြန်လည်ဆက်သွယ်ပေးရေးဝန်ဆောင်မှု

နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင်ဘေးဒုက္ခ၊ ပဋိပက္ခ၊ လူကုန်ကူးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းများနှင့် အရေးပေါ်အခြေအနေများကြောင့် မရေတွက်နိုင်သော မိသားစုများသည် ချစ်ခင်နှစ်သက်သူများနှင့် အဆက်အသွယ်ပြတ် ကွဲကွာလျှက်ရှိကြပါသည်။ ထိုသို့ မိသားစုများတကွဲတပြားဖြစ်သည့်အခါ အဆက်အသွယ်ပြန်လည်ရရှိနိုင်ရေးနှင့် သတင်းဖလှယ်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာရှာဖွေဆက်သွယ်ရေးကွန်ယက်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်ပေးလျှက်ရှိပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မိသားစုအဆက်အသွယ်ရရှိရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာ ဝန်ဆောင်မှုအနေဖြင့် ၂၀၁၂ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဝန်ဆောင်မှုများကို လေ့ကျင့်သင်ကြားပေးထားသည့် ကြက်ခြေနီစေတနာလုပ်အားရှင်(၆၂၄)ဦးတို့၏ကူညီဆောင်ရွက်မှုဖြင့် **အခမဲ့** ဆောင်ရွက်ပေးလျှက်ရှိပါသည်။

## ရည်ရွယ်ချက်

ပဋိပက္ခ၊ သဘာဝဘေးဒုက္ခ၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် အခြားသော လူသားချင်း စာနာထောက်ထားမှု လိုအပ်ချက်များအရ တကွဲတပြားဖြစ်သွားသော မိသားစု များကိုပြန်လည်အဆက်အသွယ်ရရှိနိုင်စေရန်။

## လုပ်ငန်းစဉ်များ

**ဘေးဒုက္ခကျရောက်သည့် နေရာဒေသအတွင်း အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်း**

**၁.ဘေးရန်ကင်းကွာရှိနေကြောင်းဖုန်းဆက်အကြောင်းကြားခြင်း**

ဘေးဒုက္ခကျရောက်ပြီးနောက် မိမိအသက်ရှင်ကျန်ရစ်ကြောင်း မိသားစုထံသို့ ဖုန်းဆက် အကြောင်းကြားလိုပါက ကူညီဆောင်ရွက်ပေးခြင်း။

**၂.ဘေးရန်ကင်းကွာရှိနေကြောင်း မှတ်ပုံတင်ခြင်း (ပြည်တွင်း/ပြည်ပ)**

ဘေးဒုက္ခကျရောက်ပြီးနောက် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်သည့်အခါ မိမိ ဘေးရန်ကင်းကွာရှိနေကြောင်း မိသားစုဆွေမျိုးများ သိရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်း။

**၃.လူပျောက်ရှာဖွေခြင်း**

ဘေးဒုက္ခကြောင့်မိသားစုနှင့် ကွဲကွာပျောက်ဆုံးသွားသူများအား ရှာဖွေပေးခြင်း။

**ဘေးဒုက္ခမဖြစ်ပွားသည့်နေရာဒေသတွင် ဆောင်ရွက်ပေးခြင်း**

**၁.အကျိုးအကြောင်းကိုစောင့်မျှော်လျှက်ရှိခြင်း (ပြည်တွင်း/ ပြည်ပ)**

ဘေးအန္တရာယ်ကျရောက်သောဒေသရှိ မိသားစုဆွေမျိုးသားချင်းများ အခြေအနေသိရှိလိုပါက ဆောင်ရွက်ပေးခြင်း။



## သာမာန်အခြေအနေ

**၁.ကြက်ခြေနီအကြောင်းကြားစာ**

ပြည်ပသို့ရောက်ရှိနေသော ဆွေမျိုးသားချင်းများနှင့် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းများပြတ်တောက်ခြင်း၊ ဆက်သွယ်ရန်အခက်အခဲရှိခြင်း၊ မြန်မာပြည်အတွင်း အကျဉ်းကျလျက်ရှိပြီး မိသားစုနှင့်အဆက်အသွယ်ပြတ်သူများစသည့် အခြေအနေများတွင် ကြက်ခြေနီအကြောင်းကြားစာဖြင့် မိသားစုအဆက်အသွယ် ရရှိစေရန် ဆောင်ရွက်ပေးခြင်း။

**၂.လူပျောက်ရှာဖွေခြင်း**

နိုင်ငံရပ်ခြားသို့ရောက်ရှိပြီး အကြောင်းကြောင်းကြောင့် မိသားစုနှင့်အဆက်အသွယ်ပြတ်နေသူများ၊ အကျဉ်းကျနေသူများ၊ ရွှေ့ပြောင်းသွားလာနေသူများအတွက် ကူညီဆောင်ရွက်ပေးခြင်း။

**မိသားစု**
**ပြန်လည်ဆက်သွယ်ပေးရေး**

## မိသားစုပြန်လည်ဆက်သွယ်ပေးရေး ဖြစ်ရပ်မှန်

ငယ်စဉ်ကတည်းက မိခင်ဆုံးပါးသွားတဲ့အတွက် အလိုလိုက်ခံထားရတဲ့ သားကလေး အိမ်က ထွက်သွားတာ (၈)နှစ် ကြာခဲ့ပါပြီ။ သူထွက်သွားတဲ့အချိန်က အသက်(၁၄)နှစ် ပဲရှိပါသေးတယ်။ အဲ့အချိန်ကတည်းက ဘယ်ထွက်သွားမှန်းမသိဘဲ အဆက်အသွယ် ပြတ်သွားခဲ့တာ စုတော့ ကြက်ခြေနီ စေတနာ လုပ်အားရှင်က အိမ်တိုင်ယာရောက်လာ ပေးလို့ ဖခင်ဦးမောင်မောင်တစ်ယောက် သားသတင်းလေးရရှိပါပြီ။ သားနဲ့ပတ်သက်တဲ့ အကျိုးအကြောင်း၊ အဆိုးအကောင်း သားကိုယ်တိုင်ရေးသားပြောပြထားတဲ့အတွက် ဝမ်းသာဝမ်းနည်းဖြစ်ရပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် သားလေးကျန်းကျန်းမာမာနဲ့ အသက်ရှင်နေတာ သိရတဲ့အတွက် ဝမ်းသာလှပါပြီ။

"ကျွန်တော့်မှာလဲ ဝမ်းရေးအတွက်တောင်ယာ လုပ်နေရတော့ သားလေးကို ချက်ခြင်းတွေ့ ချင်ပေမဲ့ အခြေအနေမပေး သေးပါဘူးဗျာ အဆင်ပြေအောင် ကြိုးစားပြီး အမြန်ဆုံးလာ တွေ့မယ်လို့ ပြောပေးကြပါဗျာ"



ဦးမောင်မောင်၏တောင်းဆိုချက်အတိုင်း ကြက်ခြေနီအကြောင်းကြားစာကို ပြန်လည် ရေးသားပေးပြီး သားဖြစ်သူထံသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးပို့ပေးခဲ့ပါသည်။